# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 31 , 2022 | Volume 52, Number 21


## မြန်မာ-တရုတ် နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်မှု လျှင်မြန်ချောမွေ့စေရေး ဆွေးနွေး



https://www.myawady.net.mm/node/23760

မြန်မာနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် တရုတ်နိုင်ငံ ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အာရှရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. Yang Weiqun တို့ ဦးဆောင်၍ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ချောမွေ့သော ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းအဖွဲ့၏ ဒုတိယအစည်းအဝေးကို ယနေ့(၃၀.၃.၂၀၂၂) မွန်းလွဲ ၁၂ နာရီခွဲတွင် Virtual စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်မှုလျှင်မြန်ချောမွေ့စေရေး၊ ကုန်စည်ရှင်းလင်းရေး၊ အကောက်ခွန်ပူးပေါင်း ဆောင်ရွက်ရေး၊ မြန်မာ့လယ်ယာထွက်ကုန်များ၊ သစ်သီးဝလံများ၊ ရေထွက်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေး၊ မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ဆောင်ရွက်လျက်ရှိသည့် SPS ဆိုင်ရာ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးနိုင်ရေးနှင့် မြန်မာ-တရုတ်နှစ်နိုင်ငံအကြား ဘဏ်လုပ်ငန်းဆိုင်ရာ ဆောင်ရွက်မှုများ ပိုမိုလျင်မြန်ချောမွေ့စေရေးဆိုင်ရာ ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ကပ်ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများ၊ နယ်စပ်ဒေသများတွင် ဘိန်းအစားထိုးသီးနှံနှင့်ပတ်သက်၍ နှစ်နိုင်ငံအကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ တရုတ်-မြန်မာ နှစ်နိုင်ငံအကြား ကုန်သွယ်မှုတိုးမြှင့်နိုင်ရေးအတွက် ကုန်စည်ပြပွဲများတွင် ပါဝင်ကျင်းပနိုင်ရေးနှင့် Transit Trade ဆိုင်ရာကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

**၃၀.၃.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၁ US$ |
| မြန်မာ့ရွှေဈေး | = ၂၀၂၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၅၀ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၇၈.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၃.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၃၄.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၉.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၀.၂၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၄၉၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၅၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၂.၇၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၄၀၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

အစည်းအဝေးသို့ မြန်မာနိုင်ငံဘက်မှ သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များ၊ ပေကျင်း၊ ကူမင်း၊ နန်နင်းမြို့တို့ရှိ မြန်မာ စီးပွားရေးသံမှူးများပါဝင်သော ကိုယ်စားလှယ်များ၊ တရုတ်နိုင်ငံဘက်မှ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အာရှရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Yang Weiqun နှင့် တရုတ်နိုင်ငံ GACC ဌာန၊ ယူနန်ပြည်နယ် ကုန်သွယ်ရေးဌာနနှင့် ရန်ကုန်မြို့ရှိ တရုတ်နိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Tan Shufu နှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/23760

## မုံရွာမှထွက်ရှိသည့် ကြက်သွန်နီများ မန္တလေးဈေးကွက်တွင် ဝင်ရောက်လာပြီး တစ်ပိဿာလျှင် ငွေကျပ် ၆၀၀ ခန့်ထိ ပေါက်ဈေးရှိနေ

မုံရွာမှထွက်ရှိသည့် ကြက်သွန်နီများ မန္တလေးဈေးကွက်အတွင်းဝင်ရောက်လာပြီး တစ်ပိဿာလျှင် ငွေကျပ် ၆၀၀ ခန့်ထိ ပေါက်ဈေးရှိနေကြောင်း မန္တလေးမြို့ရှိ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍သိရသည်။

ယခုလက်ရှိ မုံရွာမှထွက်ရှိသည့်ကြက်သွန်နီများ မန္တလေးဈေးကွက်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြောင်း၊ ထို့ပြင် ယခင်ကြက်သွန်နီဟောင်းများမှာလည်း ကုန်ပစ္စည်းလက်ကျန်အနည်းငယ်သာကျန်ရှိခြင်းကြောင့် ယခုလတ်တလော မုံရွာမှ ထွက်ရှိသည့် ကြက်သွန်နီအသစ်များ ဈေးကောင်းပြန်လည်ရရှိလာကြောင်း သိရသည်။

"ကြက်သွန်နီက ပြည်တွင်းကဝယ်ယူမှုများပြားတယ်။ ဒါ့ပြင် ပြည်ပနိုင်ငံတွေကိုလဲ တင်ပို့တာတွေရှိပါတယ်။ အခု လတ်တလောကတော့ မန္တလေးဈေးကွက်ထဲမှာ မုံရွာကတင်ပို့တဲ့ ကြက်သွန်နီအသစ်တွေကို ဈေးကောင်းပေးပြီး ဝယ်ယူနေကြ ပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

ယခင်တစ်ပတ်က မန္တလေးဈေးကွက်အတွင်း၌ ကြက်သွန်နီဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၄၀၀ ခန့်သာ ဈေးရှိခဲ့သော်လည်း ယနေ့(၁၀.၃.၂၀၂၂)တွင် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၆၀၀ ခန့်ထိ ပေါက်ဈေးရှိနေပြီး ကြက်သွန်နီဈေးနှုန်းများ ပြန်လည် မြင့်တက်လာကြောင်း သိရသည်။

"အခု မန္တလေးဈေးကွက်အတွင်း မုံရွာကနေဝင်လာတဲ့ အရည်အသွေးကောင်း ကြက်သွန်နီအသစ်တွေကို ဈေးကောင်း ပေးပြီးဝယ်နေကြတယ်။ တခြားမြို့တွေကနေတော့ ကြက်သွန်နီအသစ်တွေ မန္တလေးဈေးကွက်အတွင်း အဝင်ကသိပ်မရှိဘူး"ဟု မန္တလေးမြို့ရှိ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ရမည်းသင်းမြို့နယ်မှထွက်ရှိသည့် ငရုတ်သီးခြောက်များကို ဒေသတွင်းဈေးကွက်များသို့ တစ်ပိဿာလျှင် ငွေကျပ် ၂၆၀၀ ဖြင့်ရောင်းချပေးနေ



**Source:** ရတနာပုံသတင်းစာ

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ငရုတ်စိုက်ဧက ၆၀ စိုက်ပျိုးပြီး ထွက်ရှိလာသည့်ငရုတ်သီးခြောက်များကို ဒေသတွင်းဈေးကွက်များသို့ တစ်ပိဿာလျှင် ငွေကျပ် ၂၆၀၀ ဈေးဖြင့် ရောင်းချပေးနေကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသန်းဝင်းကပြောပြသည်။

အဆိုပါ ငရုတ်စိုက်ဧက ၆၀ ကို Food Safety Project အစီအစဉ်ဖြင့် စနစ်တကျစိုက်ပျိုးခဲ့ပြီး ထွက်ရှိလာသည့် ငရုတ်သီးများကို သန့်ရှင်းမှုရှိစေရန်နှင့် မှိုဆိပ်ပါဝင်မှုမရှိစေရန် Solar Dryer စက်တစ်လုံးနှင့် Mobile Gas Dryer စက်နှစ်လုံးတို့ကိုအသုံးပြုပြီး အချိန်တိုအတွင်း အခြောက်ခံသည့်စနစ်ဖြင့် ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ပြုလုပ်ပြီး ထွက်ရှိလာသည့် ငရုတ်သီးခြောက်များကိုဒေသတွင်း ဈေးကွက်များသို့ တစ်ပိဿာလျှင် ငွေကျပ် ၂၆၀၀ ဈေးဖြင့် ရောင်းချ ပေးနေကြောင်း သိရသည်။

"ရမည်းသင်းမြို့နယ်က ရာသီဥတုအရ ဧရတ်သီးနဲ့ စိုက်ပျိုးဖြစ်ထွန်းတဲ့ ဒေသဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ကလဲ နှစ်စဉ်စိုက်ပျိုးကြပါတယ်။ ဧရတ်စပေါ်ချိန်မှာ ဈေးကွက်ကမဖွင့်ပါဘူး။ ဒေသတွင်းဈေးကွက်ကိုပဲ ရောင်းချနေရပါတယ်။ ဧရတ်သီးခြောက် တစ်ပိဿာကို ငွေကျပ် ၂၆၀၀ ဈေးနဲ့ရောင်းချရပါတယ်။ ဒီဈေးကတောင်သူတွေအနေနဲ့ အကျိုးအမြတ် နည်းပေမဲ့ အဆင်ပြေကြပါတယ်။ ပြည်တွင်းဈေးကွက်ကိုပဲ ရောင်းချရပါတယ်။ ဒေသတွင်းဈေးကွက်ဆိုရင် ရမည်းသင်းနဲ့ ပျော်ဘွယ်ကို တင်ပို့ရောင်းချရပါတယ်"ဟု ဦးသန်းဝင်းက ပြောပြသည်။

ဧရတ်စိုက်ဧက ၆၀ မှ ထွက်ရှိလာသည့် ဧရတ်များကို အခြောက်ခံစက်များကို အဓိကအသုံးပြုပြီး ဦးစားပေး လုပ်ဆောင်ခဲ့ကြောင်း၊ ဧရတ်စိုက်ခင်းတစ်ဧကလျှင် ဧရတ်သီးခြောက် ပိဿာချိန် ၄၅၀ ထွက်ရှိကြောင်း၊ အဆိုပါဧရတ်သီးခြောက် များကို ဒေသတွင်းလာရောက်ဝယ်ယူသည့် ကုန်သည်များထံ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## ဧရာဝတီတိုင်းဒေသကြီးမှထွက်ရှိသော မိကျောင်းကွမ်းဖတ်များ ယခင်နှစ်ထက်ဈေးကောင်းရရှိ



Source: ရတနာပုံသတင်းစာ

ယခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးမှထွက်ရှိသော မိကျောင်းကွမ်းဖတ်များ ယခင်နှစ်ထက်ဈေးကောင်းရရှိနေကြောင်း ကျောင်းကုန်းမြို့နယ်ရှိ မိကျောင်းကွမ်းဖတ် အဝယ်ဒိုင်များမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် ယခင်နှစ် မိကျောင်းကွမ်းဖတ်ပေါ်သည့် မတ်လက တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ သာရှိခဲ့ပြီး ယခုနှစ် မိကျောင်းကွမ်းဖတ်ပေါ်သည့် မတ်လတွင် တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ မိကျောင်းကွမ်းဖတ်များ ဈေးကောင်းရရှိနေခြင်းသည် ယခုနှစ် ပြည်ပဈေးကွက်ကို ပြည်လည်တင်ပို့ခွင့် ရရှိနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"မိကျောင်းကွမ်းဖတ်တွေကိုလစဉ် မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းကနေတစ်ဆင့် ပြည်ပသို့ တင်ပို့ရောင်းချနေပါတယ်။ လက်ရှိ မိကျောင်းကွမ်းဖတ် တစ်ပိဿာကို ငွေကျပ် ၆၀၀၀ ထိဈေးကောင်းရနေပါတယ်။ အခုလို ဈေးကောင်းရရှိနေတော့ စိုက်တဲ့သူတွေလဲ အဆင်ပြေလာပါတယ်။ မိကျောင်းကွမ်းဖတ်တွေကို ကျောင်းကုန်းဘက်မှာ တော်တော်များများစိုက်ကြပါတယ်။ မိကျောင်းကွမ်းဖတ်က မိုးမရွာခင်အချိန်ထိ ဈေးကွက်မှာအရောင်းအဝယ်ဖြစ်ပါတယ်"ဟု ကျောင်းကုန်းမြို့နယ်ရှိ မိကျောင်းကွမ်းဖတ် အဝယ်ဒိုင် လုပ်ငန်းရှင် ဦးခင်မြင့်က ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် မိကျောင်းကွမ်းဖတ်ကို မြောင်းမြခရိုင်၊ ဟင်္သာတခရိုင် နှင့်လပွတ္တာခရိုင် အပါအဝင် ပုသိမ်ခရိုင်အတွင်း ပုသိမ်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ငပုတောမြို့နယ်အတွင်းရှိ ပင်လယ်ကမ်းခြေဒေသ ကျေးရွာများအပြင် ချောင်းသာ၊ ငွေဆောင်ဒေသများတွင်လည်း စိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါ မိကျောင်းကွမ်းဖတ်များသည် စိုက်ပျိုးပြီးချိန်မှ စတင်၍ လိုအပ်သော ပိုးသတ်ဆေး၊ မှိုသတ်ဆေးများဖျန်းပေးရပြီး လိုအပ်ပါကရေတင်ပေးရကြောင်း၊ မိကျောင်းကွမ်းဖတ် တစ်ဧကပျမ်းမျှအထွက်နှုန်းမှာ ၁၀ တင်းမှ ၁၅ တင်းထိထွက်ရှိကြောင်း သိရသည်။

Source: ရတနာပုံသတင်းစာ

စီးပွားရေးသံမှူးသတင်းများ

## ကုန်ဈေးနှုန်းများ မြင့်တက်လာသည်နှင့်အမျှ ပြည်တွင်းစီးပွားရေးနှိုးဆွမှုအစီအမံသစ်များ ဖော်ဆောင်ကြရန် ဂျပန်နိုင်ငံဝန်ကြီးချုပ် တိုက်တွန်း

ရုရှားနှင့်ယူကရိန်းတို့အကြား ပဋိပက္ခဖြစ်ပွားမှု၏ နောက်ဆက်တွဲအဖြစ် ဂျပန်နိုင်ငံ၌ စွမ်းအင်၊ ကုန်စည်နှင့်နံ့စား သီးနှံဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ပြည်တွင်းရှိ အိမ်ထောင်စုများအပေါ် အကျပ်အတည်းသက်ရောက်မှု လျော့ပါး စေရန် စီးပွားရေးနှိုးဆွမှုအစီအမံများကို ဧပြီလနှောင်းပိုင်းမှစတင်ကာ ဆောင်ရွက်သွားကြရန် ဝန်ကြီးများအား မတ်လ ၂၉ ရက်၊ အင်္ဂါနေ့တွင် တိုက်တွန်းပြောကြားခဲ့ပါသည်။

အဆိုပါအစီအမံများသည် ကိုဗစ်-၁၉ ကူးစက်ရောဂါသက်ရောက်မှုမှ နိုင်ငံ၏ စီးပွားရေးပြန်လည်နာလန်ထူစေရန် ရည်မှန်းထားသည့်အပြင် ရေနံစိမ်းဈေးနှုန်းများ မြင့်မားလာမှုအပေါ် သက်ရောက်မှုလျော့ပါးစေရန်၊ ပင်မစားသောက်ကုန်များ ပံ့ပိုးပေးရန်၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ရန်ပုံငွေထောက်ပံ့ပေးရန်နှင့် ဝင်ငွေနည်းပါးပြီး ပံ့ပိုးမှု လိုအပ်သူများအား ပံ့ပိုးကူညီမှုဆောင်ရွက်ရန်စသည် လုပ်ငန်းစဉ် ၄ ရပ်အပေါ် အဓိကထား ဆောင်ရွက်သွားမည်ဖြစ် ကြောင်း ဝန်ကြီးချုပ် Kishida မှ အစိုးရအဖွဲ့အစည်းအဝေးတွင် ပြောကြားခဲ့ပါသည်။

စွမ်းအင်နှင့် နံ့စားသီးနံ့ဈေးနှုန်းများ မြင့်တက်လာခြင်းသည် မကြာသေးမီရက်ပိုင်းအတွင်းက ပြည်တွင်းတစ်စိတ် တစ်ပိုင်းအရေးပေါ်ကြေငြာချက် ရုတ်သိမ်းထားသည့် ဂျပန်နိုင်ငံ၏ စီးပွားရေးအပေါ် သက်ရောက်လာစေပါသည်။

ဂျပန်နိုင်ငံသည် ၂၀၂၂ ဘဏ္ဍာနှစ်အတွက် စီးပွားရေးပံ့ပိုးမှုအစီအမံများ ဆောင်ရွက်ရန်အတွက် စံချိန်တင် ဘတ်ဂျက် အဖြစ် ယန်း ၁၀၇.၆၀ ထရီလီယံ (အမေရိကန်ဒေါ်လာ ၈၈၁ ဘီလီယံ) ကို လတ်တလောအတည်ပြုခဲ့ပါသည်။

၂၀၂၂ ဘဏ္ဍာနှစ်အတွင်း ကူးစက်ရောဂါတိုက်ဖျက်ရေးအတွက် ချမှတ်ထားသည့် ဘတ်ဂျက် ယန်း ၅ ထရီလီယံနှင့် အခြားသောအရေးပေါ်အသုံးစရိတ်များအတွက် လျာထားသည့် အရန်ရန်ပုံငွေ ယန်း ၅၀၀ ဘီလီယံတို့ကို ဘဏ္ဍာရေး ကဏ္ဍနှိုးဆွမှုအစီအမံများအဖြစ်သုံးစွဲရန် ဝန်ကြီးချုပ် Kishida က ညွှန်ကြားခဲ့ပါသည်။

ပထမဦးစားပေးအနေဖြင့် အသုံးစရိတ်သုံးစွဲမည့် အစီအစဉ်ကို အလျင်အမြန်တင်ပြကြရန်နှင့် စီးပွားရေးနှိုးဆွမှု အစီအမံများအတွက် အရန်ရန်ပုံငွေများကို အသုံးပြုကြရန် ဝန်ကြီးချုပ်က မတ်လ ၂၈ ရက်၊ တနင်းလာနေ့တွင် ပြောကြား ခဲ့ကြောင်း သိရပါသည်။

လက်ရှိအာဏာရ လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ(LDP) ၏ အငယ်တန်းညွန့်ပေါင်းမိတ်ဖက်ပါတီဖြစ်သည့် ခိုမေးတိုးပါတီ (Komeito) သည် အပိုဘတ်ဂျက်ကိုရေးဆွဲပြီး အကျပ်အတည်းဖြစ်နေသည့် စားသုံးသူများကိုပံ့ပိုးမှုများ တိုးချဲ့ဆောင်ရွက်ရန် လုံလောက်သည့်ရန်ပုံငွေရှိရေးကို အဆိုပြုထားပါသည်။

ဂျပန်ပြည်တွင်း၌ ကုန်ဈေးနှုန်းများ မြင့်မားလာခြင်းအပြင် အခြေခံရင်ဆိုင်နေရသည့် ပြဿနာတစ်ရပ်မှာ အမေရိကန် ဒေါ်လာနှင့်နှိုင်းယှဉ်ပါက ယန်းငွေတန်ဖိုး ကျဆင်းလာမှုကြောင့် သွင်းကုန်အတွက် ကုန်ကျစရိတ်များမြင့်တက်လာပြီး သယံဇာတရှားပါးသည့် ဂျပန်နိုင်ငံအတွက် ခေါင်းခဲစရာကိစ္စတစ်ခုဖြစ်လာပါသည်။ သို့သော် ယန်းငွေတန်ဖိုး ကျဆင်းခြင်း၏ အားသာချက်အဖြစ် ပြည်ပသို့ပို့ကုန်များတင်ပို့သည့် လုပ်ငန်းရှင်များအတွက် အမြတ်ငွေတိုးပွားသည့် အကျိုးကျေးဇူးကိုရရှိစေ ပါသည်။

စီးပွားရေးနှိုးဆွမှုအစီအမံများတွင် ပါဝင်သည့် အရေးပါသည့် အချက်အနေဖြင့် Kishida ၏ အယ်လ်ဒီပီ (LDP) ပါတီနှင့် ခိုမေးတိုး (Komeito) ပါတီတို့သည် ယခင်နှစ်အစောပိုင်းကထက် ပင်စင်ငွေ ၀.၄ % လျော့ကျသွားသည့် ပင်စင်စားများအတွက် ယခုဧပြီလတွင် ယန်း ၅,၀၀၀ စီ တစ်ကြိမ်တည်းသော ပံ့ပိုးငွေအဖြစ် ဖြန့်ဝေပေးရန် အစီအစဉ်ကို သဘောတူခဲ့ကြပါသည်။

သို့သော် အတိုက်အခံလွှတ်တော်အမတ်များက ထိုသို့ဆောင်ရွက်ခြင်းသည် ယခုနှစ်နွေရာသီတွင်ကျင်းပမည့် အထက် လွှတ်တော်ရွေးကောက်ပွဲမတိုင်မီ အကြီးတန်းမဲဆန္ဒရှင်များကိုဆွဲဆောင်ရန် ကြိုးပမ်းမှုအဖြစ်ရှုမြင်ကာ ဝေဖန်ခဲ့ကြောင်းသိရ ပါသည်။

ဝန်ကြီးချုပ် Kishida သည် ဧပြီလကုန်အထိ ဓာတ်ဆီလက်လီဈေးနှုန်းများ လျှော့ချရန်အတွက် ဓာတ်ဆီ လက်ကား ရောင်းချသူများကို တစ်လကြာ ထောက်ပံ့ကြေးများ တိုးမြှင့်ပေးမည်ဖြစ်ကြောင်း ကြေငြာခဲ့ပါသည်။

**Source:** https://japantoday.com. **နှင့်** https://www.japantimes.co.jp.

**နန္ဒာဝင်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်)**

## တောင်ကိုရီးယားနိုင်ငံအခြေစိုက် Hyundai Motor ကုမ္ပဏီသည် အင်ဒိုနီးရှားနိုင်ငံ၊ Deltamas စက်မှုဇုန်၌ မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံအသစ်ကို စတင်ဖွင့်လှစ်ခဲ့






တောင်ကိုရီးယားအခြေစိုက် Hyundai Motor သည် အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့၏အရှေ့ဘက် (၄၀) ကီလိုမီတာ အကွာ Cikarang အနီးရှိ Deltamas စက်မှုဇုန်၌ ၎င်း၏ အရှေ့တောင်အာရှဒေသရှိ ပထမဦးဆုံးသော မော်တော်ယာဉ် ထုတ်လုပ်မှု စက်ရုံတည်ဆောက်ပြီးစီးမှုအတွက် ဂုဏ်ပြုအခမ်းအနားကို (၁၆-၃-၂၀၂၂) ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ အင်ဒိုနီးရှားနိုင်ငံ၏ သမ္မတ Joko Widodo သည် နိုင်ငံ၏ ထိပ်တန်းအစိုးရအရာရှိကြီးများနှင့် အတူတက်ရောက်ခဲ့ပြီး၊ သမ္မတက ဂုဏ်ပြုစကားပြောကြားရာတွင် Hyundai မှ IONIQ 5 သည် အင်ဒိုနီးရှားနိုင်ငံ၏ လျှပ်စစ်ကား (Electronic Vehicle – EV) ဂေဟစနစ်ဖွံ့ဖြိုး တိုးတက်ရေးတွင် အရေးကြီးသော မှတ်တိုင်တစ်ခုဖြစ်လာပြီး ပိုမိုအဆင့်မြင့်သည့် လျှပ်စစ်ကားဂေဟစနစ်ကို ပိုမို အရှိန်မြှင့်ရန် မျှော်လင့်ကြောင်း၊ စက်ရုံတည်ဆောက်ပြီးစီးမှုနှင့် အင်ဒိုနီးရှားနိုင်ငံတွင် ပထမဆုံးလျှပ်စစ်ကား(EV)ဖြစ်သည့် IONIQ 5 ကိုစတင်ထုတ်လုပ်ခြင်းအတွက် ဂုဏ်ယူပါကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့ပါသည်။

အခမ်းအနားတွင် Hyundai Motor Group ၏ဥက္ကဋ္ဌ Mr. Chung Euisun က "ကမ္ဘာ့စတုတ္ထ လူဦးရေ အများဆုံးနိုင်ငံဖြစ်သော အင်ဒိုနီးရှားနိုင်ငံသည် ၎င်းကုမ္ပဏီ၏ အနာဂတ်မော်တော်ယာဉ်ထုတ် လုပ်ရေးမဟာဗျူဟာအတွက် အဓိက အချက်အချာဒေသဖြစ်ပါကြောင်း၊ ဤစက်ရုံသည် မော်တော်ယာဉ်ထုတ်လုပ်ရေးကဏ္ဍ အထူးသဖြင့် လျှပ်စစ်ကားများထုတ်လုပ်ရေး အတွက် အဓိကအခန်းကဏ္ဍမှ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ Hyundai Motor သည် လက်ရှိတည်ဆောက်နေသော ဘက်ထရီ စက်ရုံနှင့် ပေါင်းစပ်ခြင်းဖြင့် အင်ဒိုနီးရှားနိုင်ငံ၏ လျှပ်စစ်ကားဂေဟစနစ်ထူထောင်ရေးအတွက် ဆက်လက်ပံ့ပိုးကူညီသွားမည်ဖြစ်ပါ ကြောင်း၊ ထို့မှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံအား ကမ္ဘာ့လျှပ်စစ်မော်တော်ယာဉ်ထုတ်လုပ်ရေးတွင် အရေးပါသော အခန်းကဏ္ဍမှပါဝင် လာစေရေးကို မြှင့်တင်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဤ Hyundai Motor ၏စက်ရုံအသစ်ကို အင်ဒိုနီးရှားနိုင်ငံတွင် ဖွင့်လှစ်နိုင်ခြင်းဖြင့် ပြိုင်ဘက် ဂျပန်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူအများစုက လွှမ်းမိုးထားသော အရှေ့တောင်အာရှဈေးကွက်အတွင်းတွင် Hyundai Motor ကုမ္ပဏီ၏ ရပ်တည်မှုကိုချဲ့ထွင်နိုင်ရန် ခြေကုပ်တစ်ခုရရှိခြင်းပင်ဖြစ်ပါကြောင်း" ထည့်သွင်းပြောကြားခဲ့ပါသည်။

Hyundai Motor သည် အင်ဒိုနီးရှားနိုင်ငံရှိ စက်ရုံ၏နှစ်စဉ်မော်တော်ယာဉ်ထုတ်လုပ်နိုင်မှု စွမ်းရည်ကို (၂၅၀,၀၀၀)စီးအထိ တိုးမြှင့်ရန် အမေရိကန်ဒေါ်လာ (၁.၅၅) ဘီလီယံခန့် ရင်းနှီးမြှုပ်နှံရန်စီစဉ်ထားကြောင်း၊ စက်ရုံအသစ်သည် ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ကတည်းက Creta Subcompact Crossover SUVs ကားများကို ထုတ်လုပ်ခဲ့ပြီး (၁၆-၃-၂၀၂၂) ရက်နေ့ အခမ်းအနားအပြီးတွင် IONIQ 5 EVs ကို စတင်ထုတ်လုပ်ခဲ့ကြောင်း၊ ၎င်းသည် ယခု ၂၀၂၂ ခုနှစ်၏ပထမနှစ်ဝက်တွင် Santa Fe SUVs ကားများအပြင် အရှေ့တောင် အာရှဒေသရှိ မော်တော်ယာဉ်သုံးစွဲသူများအတွက်အံဝင်ခွင်ကျရှိစေမည့် ဘက်စုံသုံးယာဉ်ငယ်များကိုစတင်ထုတ်လုပ်မည်ဖြစ်ကြောင်း၊ အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသဆိုင်ရာ သဘောတူညီချက်များ (ASEAN Free Trade Area agreements)နှင့်အညီ အခြား အာဆီယံနိုင်ငံများသို့ အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် မော်တော်ယာဉ်များကိုတင်ပို့နိုင်ကြောင်း လေ့လာသိရှိရပါသည်။

အင်ဒိုနီးရှားအစိုးရသည် EV ဂေဟစနစ်ကို ချဲ့ထွင်ရာတွင်ဦးဆောင်နေလျက်ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် အစိုးရပိုင် မော်တော်ယာဉ်အစီးရေ (၁၃၀,၀၀၀) ကို EV မော်တော်ယာဉ်များအဖြစ်သို့ ပြောင်းလဲရန်စီစဉ်လျာထားရာ Hyundai Motor သည် LG Energy Solutions နှင့်ပူးပေါင်း၍ အင်ဒိုနီးရှားနိုင်ငံ၊ Karawang မြို့တွင်ဘက်ထရီဆဲလ်စက်ရုံတစ်ခုကို၂၀၂၃ ခုနှစ်၊ ပထမနှစ်ဝက်တွင် အပြီးသတ်တည်ဆောက် နိုင်ရေးကိုဆောင်ရွက်လျက်ရှိပြီး၊ ၂၀၂၄ ခုနှစ်တွင် စတင်ထုတ်လုပ်နိုင်ရန် လျာထားကြောင်းသိရှိရပါသည်။ အဆိုပါစက်ရုံမှ အရည်အသွေးကောင်းမွန်သည့် ဘက်ထရီဆဲလ်များကို EV စက်ရုံသို့ ထောက်ပံ့ပေးနိုင်ခြင်း ဖြင့်အင်ဒိုနီးရှားနိုင်ငံ၏ EV

မော်တော်ယာဉ်သို့ကူးပြောင်းသည့်ကာလတွင် ကောင်းစွာပံ့ပိုးပေးနိုင်ရန် မျှော်လင့်ထားကြောင်း ကုမ္ပဏီ၏သတင်းထုတ်ပြန်ချက်များအရ သိရှိရပါသည်။

Hyundai Motor သည် အင်ဒိုနီးရှားနိုင်ငံနှင့် အခြားသော အရှေ့တောင်အာရှနိုင်ငံများမှ မော်တော်ယဉ်များဝယ်ယူလို၍မှာယူသည့်အခါ ပါဝင်ကုန်ပစ္စည်းသတ်မှတ်ချက်ဆိုင်ရာ Product Specification များကို Customer စိတ်ကြိုက် Customized ပြုလုပ်၍ရွေးချယ်နိုင်ပြီး ကုန်ကျစရိတ်ကို လည်းတတ်နိုင်သမျှအနည်းဆုံးဈေးဖြင့်ဆောင်ရွက်ပေးမည့် ဝယ်ယူသူဗဟိုပြုစနစ်ကိုလည်းထုတ်လုပ်မှုနှင့် ရောင်းချမှုစနစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ရည်မှန်းထားကြောင်း သိရှိရပါသည်။ အင်ဒိုနီးရှားနိုင်ငံရှိ Hyundai Motor ၏ “Click–to–Buy” online platform သည် Customer များအား မော်တော်ယာဉ်ဝယ်ယူခြင်းကို Online အသုံးပြု၍ နေအိမ်မှပင် အလွယ်တကူဝယ်ယူနိုင်စေရန်နှင့် လုပ်ငန်းစဉ်အဆင့်အားလုံးကို Online မှပင် အလွယ်တကူပြီးမြောက်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ထားကြောင်း သတင်းများအရ သိရှိရပါသည်။

Source – The Korea Times (17–3–2022)

**ဝင်းပပသူ (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့)**

## ပြည်တွင်းကုန်ဈေးနှုန်းများမြင့်တက်လျက်ရှိနေသဖြင့်<br>၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ငွေကြေးဖောင်းပွမှုနှုန်း တိုးမြှင့်သတ်မှတ်



Inflation. Photo: Tânia Rêgo/Agência Brasil

ပြည်တွင်းကုန်ဈေးနှုန်းများ ဆက်တိုက်မြင့်တက်လျက်ရှိနေသဖြင့် ၂၀၂၂ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းအား ၁၁ ကြိမ်မြောက် တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း ငွေကြေးဈေးကွက်၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ၂၀၂၂ ခုနှစ် ၏ စားသုံးသူဆနှုန်းကိန်း (Broad Consumer Price Index – IPCA) အား ၆.၈၆ ရာခိုင်နှုန်းသတ်မှတ်ကြောင်း ဘရာဇီးလ်ဗဟိုဘဏ်က မတ်လ ၂၈ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့သည်။ စားသုံးသူဆနှုန်းကိန်းအား မတ်လပထမပတ်တွင် ၅.၆ ရာခိုင်နှုန်းဖြစ်ပေါ်ရန်ခန့်မှန်းခဲ့ပြီး ယခင်အပတ်အတွင်းတွင် ၆.၅၉ ရာခိုင်နှုန်းအထိ တိုးမြှင့်ခန့်မှန်းခဲ့သည်။

စားသုံးသူဆနှုန်းကိန်းတွက်ချက်ရန်အတွက် လိုအပ်သော စီးပွားရေးဆိုင်ရာ အချက်အလက်ညွှန်းကိန်းများကို ဈေးကွက်ဆိုင်ရာ အဖွဲ့အစည်းပေါင်း ၁၀၀ ကျော်မှရယူခဲ့ကြောင်း၊ ညွှန်းကိန်းများအရ ၂၀၂၃ ခုနှစ်တွင် ငွေကြေးဖောင်းပွမှုနှုန်း ပိုမိုမြင့်တက်နိုင်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ငွေကြေးဖောင်းပွမှုနှုန်းအား ယခင်အပတ်က ၃.၇၅ ရခိုင်နှုန်းအားခန့်မှန်းခဲ့ပြီး ယခုအပတ်တွင် ၃.၈ ရာခိုင်နှုန်းသို့ တိုးမြှင့်ခန့်မှန်းထားကြောင်း၊ ဘရာဇီးလ်နိုင်ငံ၏ငွေကြေးဖောင်းပွမှုနှုန်းအား ၂၀၂၃ ခုနှစ်တွင် ၃.၅၁ ရာခိုင်နှုန်းနှင့် ၂၀၂၄ ခုနှစ်တွင် ၃.၂ ရာခိုင်နှုန်း အသီးသီးတို့အား ၂၀၂၂ ခုနှစ်၊ မတ်လပထမအပတ်တွင်ခန့်မှန်းထားကြောင်း သတင်း၌ဖော်ပြထားသည်။

ဘရာဇီးလ်နိုင်ငံ၏ ၂၀၂၂ ခုနှစ်အတွက် ပြည်တွင်းအသားတင်ထုတ်ကုန် (GDP) တိုးတက်မှုနှုန်းအား ၀.၅ ရာခိုင်နှုန်း ပိုမိုတိုးတက်ရန်ခန့်မှန်းထားပြီး ၂၀၂၃ ခုနှစ်တွင် ၁.၃ ရာခိုင်နှုန်းနှင့် ၂၀၂၄ ခုနှစ်တွင် ၂ ရာခိုင်နှုန်းတိုးတက်ရန် ခန့်မှန်းထားကြောင်း သတင်းတွင်ဖော်ပြထားသည်။ အစိုးရ၏အခြေခံဘဏ်တိုးနှုန်း(Selic)သတ်မှတ်ချက်အား ၁၃ ရာခိုင်နှုန်းအထိ တိုးမြှင့်နိုင်ကြောင်း၊ မတ်လ ၁၆ ရက်နေ့တွင် အစိုးရငွေကြေးမူဝါဒကော်မတီ (Monetary Policy Committee – Copom)က အစိုးရဘဏ်များ၏ အခြေခံဘဏ်တိုးနှုန်းအား ၁၀.၇၅ ရာခိုင်နှုန်းမှ ၁၁.၇၅ ရာခိုင်နှုန်းသို့တိုးမြှင့်ခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။ ဘဏ်တိုးနှုန်းကြိုတင်ခန့်မှန်းရာတွင် ၂၀၂၃ ခုနှစ် နှစ်ကုန်ချိန်၌ ၉ ရာခိုင်နှုန်းနှင့် ၂၀၂၄ ခုနှစ်တွင် ၇.၅ ရာခိုင်နှုန်းသို့ ပြန်လည်လျှော့ချနိုင်ကြောင်း ခန့်မှန်းထားသည်။

နိုင်ငံခြားငွေရောင်းဝယ်ရေးဈေးကွက်တွင် အမေရိကန်ဒေါ်လာဈေးနှုန်းသည်  နေ့စဉ်ကျဆင်းလျက်ရှိနေပြီး ယခင်အပတ်က တစ်ဒေါ်လာလျှင် ၅.၃၀ ဟဲရာရှိခဲ့ရာမှ ယခုအပတ်တွင် ၅.၂၅ ဟဲရာ အောက်သို့ကျဆင်းလျက်ရှိကြောင်း၊ နိုင်ငံခြားငွေဈေးကွက်ကြိုတင်ခန့်မှန်းရာတွင် အမေရိကန် ၁ ဒေါ်လာတန်ဖိုးသည် ၂၀၂၃ ခုနှစ်တွင် ၅.၂၂ ဟဲရာနှင့် ၂၀၂၄ ခုနှစ်တွင် ၅.၂၀ ဟဲရာတို့ဖြစ်ပေါ်နိုင်ကြောင်း သတင်းတွင်ဖော်ပြထားသည်။

Source: canalrural.com.br

**ထွန်းအောင်ဇော် (စီးပွားရေးသံမှုး-မြန်မာသံရုံး ၊ ဘရာဇီးလ်)**

## STOCK EXCHANGE (31.3.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 31st Mar. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | +300 | +3.85% | 8,100 | 8,100 | 8,100 | 100 | 810,000 | 33,109,694 | 268,189 |
| MTSH | 00002 | 2,750 | +0 | +0.00% | 2,700 | 2,750 | 2,700 | 2,578 | 6,999,500 | 38,929,150 | 107,055 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 22 | 169,400 | 10,400,986 | 80,088 |
| FPB | 00004 | 18,500 | +0 | +0.00% | 18,500 | 18,500 | 18,500 | 0 | 0 | 2,472,053 | 45,733 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 12,823,224 | 33,340 |
| EFR | 00006 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 355 | 923,000 | 19,977,223 | 51,941 |
| AMATA | 00007 | 5,000 | +100 | +2.04% | 4,900 | 5,000 | 4,900 | 40 | 196,200 | 10,497,598 | 52,488 |

### Market summary

As of 31st Mar. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 367.23 | +6.32 | +1.75% | 359.79 | 367.23 | 359.79 | 3,095 | 9,098,100 | 7 | 638,834 |

**Index chart**




### Market Overview

**Main Board**

As of 1:00 pm, 31st Mar. 2022

| MYANPIX | 367.23 ▲ 6.32 |
|---|---|
| Total Volume (shares) | 3,095 |
| Total Value (MMK) | 9 mil |
| Listed Company | 7 |
| Market Cap. (MMK) | 638,834 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▲ 300 |
| MTSH | 00002 | 2,750 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 18,500 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,600 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 100 |